www.burmeseclassic.com

# ကာက

ကာတွန်းဦးဘဂျမ်း

အေးမြသော ဆောင်းလေသည် အကြင်နာကင်းသော ရယ်သံဖြင့် တဲငယ်၏အကာအရံဖြစ်သော ထန်းလက်များအကြားမှ တိုးဝှေ့ဝင်ရောက်ကာ စုတ်ချာလှသော တဲကလေး၏ လုံခြုံမှုကင်းမဲ့ခြင်းအဖြစ်ကို နောက်ပြောင်သရော်၍နေလေ၏။

ကြမ်းပိုးကိုက်အားကြီးသဖြင့် အိပ်မပျော်နိုင်သေးဘဲ ငုတ်တုတ်ထိုင်ရင်း တွေရာလေးပါးစဉ်းစား၍နေသော မယ်ကာကမှာ ခေါင်းအုံးအဖြစ် အသုံးပြုထားသော စောင်စုတ်ကလေးကို ကောက်ယူလိုက်ကာ အမွှာမွှာစုတ်ပြဲနေသော သူမ၏အင်္ကျီပေါ်တွင် လျင်မြန်စွာလွှမ်းခြုံလိုက်လေ၏။

"ဩော်... ဆင်းရဲလိုက်တဲ့ဘဝ၊ ကြမ်းပိုးကိုက်လို့မှ ကြမ်းပိုးရှာစရာ လက်နှိပ်ဓာတ်မီးကလေးတစ်ချောင်း မဝယ်နိုင်ဘူး ထွီ၊ ခုနေသာ ရာဇဂြိုဟ်ပြည်မှာ ဖွတ်မောင်၊ ဖွတ်မယ်ရွေးပွဲ ကျင်းပရင် တို့လင်မယားတော့ ပထမဆု ငွေ 'ဒိုင်း' သေချာပေါက် ရပြီးသားပဲ" ဟု ညည်းညူလိုက်လေ၏။

မိုးထားသော ထန်းလက်ခြောက်တို့၏ အကြားမှ ဆန်ကာဖြင့် ချသကဲ့သို့ ဖြာလျက် ကျဆင်းနေသော တဲငယ်၏ ဝါးကြမ်းပြင်တွင် တောက်ပြောင်သော ငွေရောင်ကွက်များကို ဖြစ်ပေါ်စေလေရာ အဖာအထေးတို့နှင့် မြိုင်လှသော ပုဆိုးပိုင်းဖြင့် အနိုင်နိုင်ထွေးလျက် ခပ်ကွေးကွေး အိပ်နေသော မောင်ကာကကို အတော်ကလေးပင် ထင်ထင်ရှားရှား မြင်ရပေ၏။ မယ်ကာကသည် ဆင်းရဲသားလောကအား လုံးဝမေ့ပျောက်လျက် တစ်ချက်တစ်ချက် ခပ်ကျယ်ကျယ်ဟောက်ကာ အိပ်မောကျနေရှာသော မောင်ကာကအား အတန်ကြာငေးစိုက်ကြည့်ရှုနေရာမှ သက်ပြင်းကြီးတစ်ချက် ချလိုက်လေ၏။

"ဩော် ကိုကာက... ကိုကာက အိပ်လိုက်မှဖြင့် မာလကသွားတာ ကျနေတာပဲ။ ကြမ်းပိုးဝေးလို့ ကျားဆွဲတာတောင် သိမှာမဟုတ်ဘူး။ သူပဲ အိပ်နိုင်လွန်းတယ်" ဟု ဆက်လက်ညည်းညူရင်း ပျော်ပွဲသဘင် လွတ်လပ်စွာ ဆင်ယင်ကျင်းပနေသော သန်းပရိသတ်ကြီး၏ ပျော်မြူးရာ ဂျူဗလီဟောနှင့် တူလှသော သူမ၏ခေါင်းကို တဗြင်းဗြင်း ကုတ်၍နေလေ၏။

မောင်ကာက၏ ဟောက်သံမှတစ်ပါး အခြားအသံဟူ၍မရှိ။ ပကတိ တိတ်ဆိတ်လျက် ရှိလေ၏။

ပခုံးပေါ်မှ စောင်ကိုခွာ၍ ဝါးကြမ်းပြင်ကို လေးငါးချက် ခပ်ပြင်းပြင်းရိုက်၍ ခါလိုက်ပြီးနောက် ပြန်၍လှဲတော့မည်ပြုစဉ် မောင်းသံလိုလို ဆောင်းလေတွင် တွဲခို၍ပါလာသော အသံတစ်ခုကို ကြားရလေ၏။

မောင်းသံကို သဲသဲကွဲကွဲ ကြားရသလောက် မောင်းခတ်သူ၏အသံမှာ တော်တော်အလှမ်းဝေးသဖြင့် သဲ့သဲ့ကလေးမျှ ကြားရသဖြင့် နားစွင့်နေရင်း "အင်း... မောင်းသံတော့မောင်းသံပဲ။ အချိန်မတော် တော်တော်တော့ထူးတယ်။ တောင်းလို့ရမ်းလို့ အပေါက်အလမ်း မတည့်ရတဲ့အထဲ နေပြည်တော်မှာ ဘာများဖြစ်ပြန်ပြီလဲ" ဟု ပြောဆိုကာ အိပ်မည်ကဲ့သို့ ပြုရာမှ ပြန်၍ထိုင်လိုက်လေ၏။ မောင်းသံမှာ တဖြည်းဖြည်း နီးသည်ထက်နီးကပ်၍လာ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"တိုင်းသူပြည်သား လူအများတို့လေး။ တောင်ငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး အမိန့်တော်... တမ္ဗဒီပ သူ့သတ်ကုန်းကားစင်တွင် တင်ထားသော သူခိုးမိုးမှောင်၏ထံသို့ ယခုညတွင်းချင်း သွားရောက်၍ ဘုရင်မင်းမြတ်၏ ပွဲတော်အုပ်ကို ပေးပို့ကျွေးမွေးနိုင်သူ ရှိခဲ့ပါလျှင် အသပြာထောင်ထုပ် ပေးသနားတော်မူမည်။ ဘုရားအမိန့်တော်... ဒူ... ဒူ"

အသံအောကြီးနှင့် လေးလေးပင်ပင် ပြတ်ပြတ်သားသား ဟစ်လိုက်သော အမိန့်တော်သံနှင့် မောင်းသံမှာ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေ၏။ အမိန့်တော်သံ တစ်ခုလုံးသည် အိပ်လျက်ရှိသော မယ်ကာက၏ နားတစ်ဖက်မှဝင်၍ တစ်ဖက်မှထွက်၍သွားသော်လည်း "အသပြာတစ်ထောင်" ဆိုသော အပိုဒ်မှာ ဦးနှောက်တွင်း၌ ချာချာလည်လျက် ကျန်ရစ်ခဲ့လေရာ ဆယ်မိနစ်သာသာမျှ တွေလျက် အတွေးနက်၍ နေမိလေ၏။

မောင်းသံရော လူသံပါ ပျောက်ကွယ်၍ သွားသဖြင့် တိတ်ဆိတ်မြဲ တိတ်ဆိတ်၍ နေလေ၏။ မယ်ကာကသည် တဲဝသို့အရောက် လေးဘက်ထောက်၍ ထွက်လာခဲ့ပြီးနောက် တဲရှေ့မြက်ခင်းကလေးပေါ်သို့ မျှော်၍ကြည့်လိုက်လေ၏။ တဲကလေး၏ အရိပ်ကြောင့် သူမအား မမြင်ရသော်လည်း ဝါးသုံးပြန်လောက်အကွာ ညီညာသော မြက်ခင်းပေါ်တွင် ရပ်နေကြသူ သုံးဦးအား ကြည်လင်သော လရောင်အောက်တွင် ထင်ထင်ရှားရှား မြင်ရလေ၏။

"ပြန်တာပဲ အေးပါတယ် မြို့ဝန်မင်းရာ။ ပို့မယ့်လူ တစ်ယောက်မှ ရှိမှာမဟုတ်ပါဘူး" ဟူ၍ တစ်ယောက်သောလူ၏ စိတ်ပျက်သံနှင့်–

"အစစ်ပေါ့ကွာ၊ ဒီအချိန် ဒီအခါ ဒီခရီးကို ဘယ်သူမှ ပို့ဝံ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အမိန့်တော်ကိုးကွ" ဟူသော ညည်းညည်းတွားတွား ပြောသံအပြင် "ကိုင်းဗျာ ပြန်ကြတာပေါ့၊ ရှုပ်ပါတယ်၊ ညောင်းလည်းညောင်း၊ ချမ်းလည်းချမ်းနဲ့ ကျုပ်တော့ ခြေသလုံးကြွက်တက်ချင်သလိုလိုတောင်ဖြစ်လာပြီ" ဟူ၍ အဆိုသွင်းလိုက်သော ခပ်ဆတ်ဆတ်အသံကို ကြားလိုက်ရပြီးနောက်–

"ပြန်ကြတာပေါ့ကွာ၊ ဒါပေမဲ့ ဒီနေရာမှာ ခဏနားပြီး ဆေးလိပ်ကလေး တစ်ဖွာလောက် သောက်ကြရအောင် ခြေသလုံးတောင့်လှတယ်" ဟူသော အသံအောအောနှင့် ထောက်ခံလိုက်သည်ကို ကောင်းစွာကြားရလေ၏။ သုံးဦးသား မြက်ခင်းပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်ကို မြင်ရလေ၏။

မယ်ကာကသည် တဲကိုမှီကာ လေးလေးနက်နက် စဉ်းစား၍ နေလေ၏။ "အသပြာတစ်ထောင်–တစ်ထောင်၊ အင်း... မနည်းဘူး တစ်ထောင်" ဟု ပါးစပ်မှ ရေရွတ်ရင်း တွေဝေနေရာမှ ရုတ်တရက်သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ကာ ထိုင်နေသူများရှိရာသို့ ထွက်လာခဲ့လေ၏။ ခြေလှမ်းများမှာ နှေးကန်တွန့်ဆုတ်ခြင်းမရှိ၊ ကြောက်ရွံ့ခြင်းကင်းမဲ့သော ခြေလှမ်းများ ဖြစ်ပေ၏။

မောင်းထမ်းသူနှစ်ဦးနှင့် မြို့ဝန်မင်းမှာ ကိုယ်စီကိုယ်င ဆေးလိပ်များကို ဓိမ်နှင့်ဖွာနေကြရာမှ... မယ်ကာကအား လှမ်း၍ ကြည့်မိကြလေ၏။

"ခုနက ကျွန်မ ကြားလိုက်တယ်။ ပွဲတော်အုပ် ပို့ဝံ့တဲ့လူရှိရင် အသပြာတစ်ထောင် ပေးမယ်တဲ့။ အဲဒါ အဟုတ်ပဲလား" ဟု ခပ်တည်တည် မေးလိုက်လေ၏။

မြို့ဝန်မင်းသည် ပါးစောင်တွင် ခဲထားသော ဆေးလိပ်ကို မဖြုတ်ချင်ဖြုတ်ချင် ဖြုတ်လိုက်ကာ "အဟုတ်ပြောတာပေါ့ကွ၊ ရှင်ဘုရင်အမိန့်တော်ကပဲ" ဟု ဓိမ်ခံရာတွင် လာနှောင့်ယှက်သည်ကို မနှစ်သက်သော အမူအရာဖြင့် ခပ်မာမာဖြေလိုက်ပြီးနောက် ဆေးလိပ်ကိုပြန်၍ဖွာရင်း မယ်ကာကအား လရောင်ထဲတွင် ခက်ခက်ခဲခဲ အကဲခတ်လျက်နေလေ၏။ မယ်ကာကသည် အတန်ကြာ စဉ်းစားနေပြန်ရာမှ "ဒီငွေက ဘယ်တော့ရမှာလဲ ဟိုကပြန်လာမှ ရမှာလား"

"ဘယ်ဟုတ်မလဲ ခုပို့မယ့်လူရှိရင် ခုရော၊ ဟောဒီငါ့အိတ်ထောင်ထဲမှာ အထုပ်နဲ့ ငွေတစ်ထောင်ပါတယ်"

"ပေး ကျွန်မပို့မယ်"

တိုတိုတုတ်တုတ် ပြောလိုက်သော မယ်ကာက၏ စကားကို ကြားသည်နှင့်တစ်ပြိုင်နက် မြို့ဝန်မင်းနှင့် မောင်းထမ်းသူနှစ်ဦးမှာ မျက်လုံးများပြူး၍သွားကာ ထိုင်နေရာမှ လူးလဲ၍ ထကြပြီးနောက် မြို့ဝန်မင်းမှာ သူ၏နားကိုပင် မယုံကြည်သကဲ့သို့ ထပ်ခါ "ဘာပြောတယ်" ဟု မေးမိလေ၏။

"ကျွန်မပို့မယ်လေ... ဘာကြောင့်တောင်တောင် လုပ်နေတာလဲ" ဟု ခပ်ထန်ထန်ပြောလိုက်သဖြင့် မြို့ဝန်မင်းမှာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယောင်ယောင်ကန်းကန်းဖြစ်လျက် "ကန်တော့ဗျာ၊ အေးလေယောင်လို့... စိတ်မရှိပါနဲ့ သူငယ်မရယ်။ အဘက ပို့ဝံ့တဲ့လူမရှိဘူးလို့ ထင်နေတုန်း ခုလိုဖြုန်းခနဲ လာတွေ့တော့ ရုတ်တရက် ဟုတ်မှဟုတ်ပါ့မလားလို့" ဟု သွက်လက်စွာ ပြောဆိုရင်း... မယ်ကာကာ၏လက်တွင်းသို့ ငွေထုပ်ကို လျင်မြန်စွာ ထည့်လိုက်ပြီးနောက် ကျသွားသော ဆေးလိပ်တိုကို ကုန်း၍ကောက်ရင်း–

"ကိုင်းလာ သွားကြစို့"

"နေပါဦးလေ... သွားတာပေါ့။ ဒါ တစ်ထောင်အတိနော်"

"လူ့ဘဝ တုံးရစေရဲ့ မဟုတ်တာ မလုပ်ပါဘူးကွာ။ မယုံရင် ရေကြည့်ပါ"

"အို ရေနေစရာမလိုပါဘူး။ ကိုင်း ခဏကလေး ဆိုင်းပါဦးနော်။ ဒီငွေကို ဟိုတဲထဲမှာ ကျွန်မယောကျ်ား ကိုကာကရှိတယ်။ သူ့ကို သွားပေးလိုက်ဦးမယ်"

"အေး... အေး ကြာတော့ မကြာစေနဲ့ကွာ။ ခပ်မြန်မြန်လာ နောက်ကျနေမယ်" ဟု တဲငယ်အတွင်းသို့ ဝင်သွားသော မယ်ကာကာအား လှမ်း၍သတိပေးလိုက်လေ၏။ မယ်ကာကာသည် တဲအတွင်းသို့ အနည်းငယ်လေးလံသော ခြေလှမ်းများဖြင့် ဝင်ခဲ့ပြီးနောက် တခေါခေါဟောက်၍နေသော မောင်ကာကအနီးတွင်ထိုင်ကာ "အနားမှာထိုင်ပါတယ်... ဟယ်... ဟယ် မခွဲနိုင်မခွာရက်ပါကလ ရာသက်မြဲ ဟဲ...ဟဲ ပေါင်းမဲ့လင်" ဟူ၍ နှာသံကလေး ခပ်ပါပါနှင့် ငိုချင်းစလိုက်လေ၏။

မောင်ကာကမှာ အိပ်မောကျနေရာမှ ကယောင်ကတမ်း လူးလဲ၍ထရင်း "ဟ... ဘာလဲ သူခိုးဗျို့...ပတ်ကရိုး ပတ်ကရိုး" ဟူ၍ ဟစ်လိုက်လေ၏။

"အို... ဒါက ဘာဖြစ်တာလဲ"

"သူခိုးလေ... သူခိုးမဟုတ်လား"

"အမ်မယ် သူခိုးမှတ်ရအောင် ရှင့်မှာဘာများခိုးစရာရှိလို့လဲ"

"အေး... ဟုတ်သားပဲ" ဟု ပြောဆိုကာ ပြန်၍အိပ်တော့မည်ပြုသဖြင့်–

"နေပါဦးတော် ကို့မှာလည်း အိပ်ဖို့လောက်ပဲ ဒီမှာကြည့်စမ်း"

"မနက်ကျမှ ကြည့်ပါရစေကွာ။ ညကြီးသန်းခေါင်ဘာမှ သေသေချာချာ မြင်မှာမဟုတ်ပါဘူး" ဟု ပြောပြောဆိုဆို ဖွတ်လှဲ၍ အိပ်ပြန်သဖြင့် မယ်ကာကမှာ စိတ်မရှည်နိုင်တော့ဘဲ လက်ထဲတွင် ကိုင်ထားသော ငွေအိတ်ကို မောင်ကာက၏ ဗိုက်ပေါ်သို့ပစ်ချလိုက်မှ–

"အမယ်လေးဗျာ၊ အောင့်လိုက်တာ၊ ဘာကြီးလဲ"

"ငွေတစ်ထောင်"

"ဘာ..."

"ငွေတစ်ထောင်လေ"

မောင်ကာကသည် ကပျာကယာ အိပ်နေရာမှ ပြန်၍ထရင်း မျက်လုံးများဝိုင်း၍သွားကာ "ဟာ...သောက်ကျိုးနည်း၊ ဒါ နင်ဘယ်ကသွားပြီး ဘုံးလာတာလဲ"

"ဘယ်ကမှ ဘုံးတာမဟုတ်ဘူးဆရာ၊ ရှင်ဘုရင့် ပွဲတော်အုပ်ကို တမ္ဗဒီပ သူသတ်ကုန်းကို သွားပို့နိုင်တဲ့လူကို ငွေတစ်ထောင်ပေးမယ်ဆိုပြီး မောင်းတီးလာလို့ ကျုပ်ပို့မယ်ဆိုပြီးယူခဲ့တယ်ဆရာ၊ အဲဒါ ကျုပ်လိုက်သွားလိုက်ဦးမယ်"

"ဟာ... ဘယ်... မဟုတ်တာကွာ၊ မဖြစ်နိုင်တာကပဲ။ မင်းသွားလို့ ဒုက္ခရောက်သွားမှာပေါ့။ ဒီလမ်းမှာ ဘီလူးရှိလို့ ညမသွားမလာရဆိုပြီး နေဝင်မီးငြိမ်း အမိန့်ထုတ်ထားတာပဲ"

"ကိစ္စမရှိပါဘူးတော်... ဒီလိုပဲ ကြည့်ရှုသွားတာပေါ့"

"မဟုတ်တာကွာ၊ ပြောတော့ လွယ်လိုက်တာ။ မင်းက ဆင်းဆင်းရဲရဲနေရတာ အကောင်းသားနဲ့ မသာဖြစ်ချင်တယ်ထင်တယ်" ဟု မျက်မှောင်ကြီးကုတ်ကာ ပြောလိုက်ပြီးနောက် တစ်အောင့်လောက်ငိုင်၍နေရာမှ တစ်စုံတစ်ရာကို စဉ်းစားမိသကဲ့သို့ မျက်နှာမှာ သိသိသာသာ ပြောင်းလဲလာကာ "ဟာ နေရာကျပြီ။ ဒီလို လုပ်ရရင် မကောင်းဘူးလား။ ငါက လေသင်တုန်းဖြတ်ချင်ယောင်ဆောင်မယ်။ မင်းက ကျွန်မယောကျ်ား လေဖြတ်လို့ မပို့နိုင်တော့ဘူးဆိုပြီး သူတို့ပိုက်ဆံ ပြန်ပေးလိုက် ဘယ့်နှယ်လဲ"

"ရှင့်သဘောပဲလေ" ဟု မယ်ကာကာ၏ စိတ်မပါ့တပါ ပြောသံကို ကြားလိုက်ရပြီးနောက် မောင်ကာကသည် သူ၏အကြံကို အသေးစိတ်စီစဉ်လေ၏။ မကြာမီတဲအတွင်းမှ "အမယ်လေးတော့ လာကြပါဦး၊ လာကြပါဦး၊ ကိုကာက ဘယ့်နှယ်ဖြစ်မှန်းမသိဘူး" ဟု မယ်ကာကာ၏ အလန့်တကြား အော်ဟစ်လိုက်သောအသံမှာ ဆူညံစွာ ထွက်ပေါ်၍လာလေ၏။ ငွေထုပ်ကို မယ်ကာကာ၏

www.burmeseclassic.com

www.burmeseclassic.com



လက်တွင်းသို့ အပ်လိုက်ပြီးနောက် မတော်တဆ မှောင်ရိပ်ခိုကာ ငွေရောလူပါ ပျောက်သွားပါက မိမိအပေါ်တွင် တာဝန်လုံးလုံးကျကာ ငွေတစ်ထောင် အရှောင်လျော်ရမည်ကို တွေးမိသဖြင့် စိတ်လေးလေးနှင့် တဲကလေးကို စူးစိုက်ကြည့်ရှုကာ ဖင်တကြွကြွဖြစ်၍နေသော မြို့ဝန်မင်းမှာ မယ်ကာကာ၏ အော်သံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ထိုင်ရာမှခုန်၍ ထလိုက်ပြီးနောက် တဲပေါက်ဝသို့ ဖိုးရိုးဖားရား ပြေး၍သွားလေ၏။

မောင်းထမ်းဆရာ နှစ်ဦးမှာလည်း မောင်းကြီးကို မြက်ခင်းပေါ်တွင်ထားခဲ့ကာ မြို့ဝန်မင်း၏နောက်မှ ပြေး၍ လိုက်ခဲ့ကြလေ၏။

"ဟော့... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ" ဟု အရေးတကြီးမေးရင်း တဲတွင်းသို့ဝင်လိုက်ရာ ခင်းထားသော ဝါးလုံးများမှာ ကြိုးဖြင့်မချည် စီရုံသာစီ၍ခင်းထားသဖြင့် ဝါးလုံးများ ပြဲ၍သွားကာ "ဂျွန်း၊ ဂျွန်း၊ ဂျွန်း၊ ဘုန်း၊ နှင့်အမေ့" ဟူသော အသံများဖြင့် မြို့ဝန်မင်းမှာ ကြမ်းပေါက်ကျွံလျက် မှောက်လျက်လဲ၍ သွားလေ၏။

နောက်မှအပြေးလိုက်ပါလာသော မောင်းသမားတစ်ဦးမှာ ကိုယ်ရှိန်မသတ်နိုင်ဘဲ လဲနေသော မြို့ဝန်မင်း၏ ခေါင်းကို ခလုတ်တိုက်ကာ လေသင်တုန်း အပြင်းအထန်ဖြတ်သော စတိုင်ဖြင့် ပါးတစ်ခြမ်းရွဲ့၊ ခြေလက်ကောက်ကွေးလျက် ပက်လက်ကြီးလန်၍နေသော မောင်ကာကာ၏ ထောင်နေသောဒူးကို သူ၏နဖူးဖြင့် တအားဝင်၍ဆောင့်မိရာ ထိုနေရာတွင် မေ့၍နေလေ၏။

"ဟော့ မီးခြစ်စမ်း၊ မီးခြစ်စမ်း ခွေးသားတွေ ဘာလုပ်နေတာလဲ မီးခြစ်မြန်မြန်ခြစ်လို့ ပြောနေတာ ပင်းနေကြသလား" ဟု ဆဲဆိုကြိမ်းမောင်းလိုက်သော မြို့ဝန်မင်း၏ အသံကို ကြားသဖြင့် အချိန်မီရပ်နိုင်သဖြင့် တဲဝတွင် ဒဏ်ရာမရဘဲ ကျန်နေသော မောင်းသမားတစ်ဦးမှာ ပါသောမီးခြစ်ကို ကပျာကယာ အိတ်ထောင်တွင်းမှ ထုတ်၍ခြစ်လိုက်လေ၏။

မြို့ဝန်မင်းက ကြမ်းပေါ်တွင်ထိုင်ကာ တစ်ထွာသာသာ ပြဲ၍သွားသော သူ့ခြေသလုံးကိုနှိပ်လျက် နာအားကြီးသဖြင့် မျက်ရည်ကလေးလည်၍ နေလေ၏။ သူ၏ ခေါင်းပေါင်းဖြူဖော့လုံးကလေးမှာ အခွေလိုက်ခေါင်းမှ ကျွတ်ထွက်၍ မောင်ကာကာ၏ ထောင်နေသော ဒူးခေါင်းတွင် စွပ်၍နေလေ၏။ မောင်ကာကာ၏ ဒူးနှင့် နဖူးကို ဆောင့်မိရာမှ မေ့၍သွားသော မောင်းသမားမှာ သတိရလာသဖြင့် ငုတ်တုတ်ထ၍ထိုင်ကာ ဘာမျှမသိရသော မျက်နှာဖြင့် ပြူးတူးပြဲတဲ ကြည့်၍နေလေ၏။ မီးငြိမ်း၍ သွားပြန်သဖြင့် တဲကလေးအတွင်းတွင် လရောင်၏ အားနည်းသော အလင်းရောင်သာလျှင် ရှိလေ၏။

"ဟော့ ခုနက အလန့်တကြား ဘာဖြစ်တာလဲကွ" ဟု နောက်ထပ် အပေါက်ကျွံမည်ကို ကြောက်သဖြင့် မယ်ကာကာအနီးသို့ ဖင်ရွှေ့ဖင်ရွှေ့ကပ်လာသော မြို့ဝန်မင်းက ခပ်ငေါက်ငေါက် မေးလိုက်လေ၏။

"ကိုကာကာပါရှင် ကျွန်မတဲထဲကို ပြန်ဝင်လာတော့ ဘာဖြစ်မှန်းမသိပါဘူး၊ ဒီမှာ ကြည့်ကြပါဦး" ဟု မောင်ကာကာကို ယခုမှတစ်ဖန် ပြန်၍သတိရသဖြင့် ကပျာကယာ ပြောလိုက်လေ၏။

"ဟော့... မီးခြစ်ဦးကွာ" ဟူသော အမိန့်နှင့် မရှေးမနှောင်းပင် ရှဲခနဲမြည်ကာ တဲကလေးအတွင်းတွင် လင်း၍ သွားပြန်လေ၏။

မြို့ဝန်မင်းသည် မီးခြစ်ဆံကို မောင်းသမားလက်မှ ယူကာ မောင်ကာကာကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေ၏။ မောင်ကာကာမှာ ခြေတွေလက်တွေကောက်ကာ ပါးစပ်မှ တံတွေးများ မှုတ်ထုတ်လျက်ရှိသည်ကို မြင်သဖြင့် "အင်း လေသင်တုန်းပဲ ခုတ်တာမှ ဟောသလို ဓားလွယ် ခုတ် ခုတ်နေတာ"

"ခက်တော့တာပဲရှင်၊ ကျွန်မ ဘယ့်နှယ်လုပ်ရပါ့မလဲ"

"ဟာ ဒါလောက်ခုတ်နေရင် သူဘာကြာကြာခံမလဲ။ တော်တော်ကြာ သူ့ဘာသာသူ ကိစ္စချောသွားမှာပါပဲ"

"ဟာ ဒီလိုဆိုရင် ကျွန်မသွားလို့ မဖြစ်ဘူးရှင့်"

မြို့ဝန်မင်းသည် အံ့အားသင့်သော လေသံဖြင့်–

"အို မဟုတ်တာ သူငယ်မရာ...မင်းဒီမှာနေလို့ကော ဘာထူးဦးမှာလဲကွ။ သူက သေမယ့်အကောင်ပဲ။ မင့်ငွေထုပ် မင်းယူပြီး သွားပို့ပေါ့ကွာ။ အကောင်ကတော့ သေကံတော်တော်ကောင်းတဲ့အကောင်းပဲ။ သူ့ကို စည်စည်ကားကားကလေးချဖို့ မသာစရိတ်အတွက် မင်းမှာ ဒီငွေတစ်ထောင်လာပြီး ရတာပေါ့ကွာ"

မောင်ကာကာသည် လေသင်တုန်း စပယ်ရှယ်ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိရာမှ မြို့ဝန်မင်း၏ စကားများကြောင့် အကြီးအကျယ်ဒေါပွလှသော်လည်း သူ၏အယောင်ဆောင်ရောဂါအတွက် တစ်ခွန်းမျှ ဝင်၍စွက်ဖက်ခြင်း မပြုနိုင်ရကား "အယ်...အယ်...အင်..." ဟူ၍ ခေတ္တမျှ ညည်းညူလိုက်ရင်း မြို့ဝန်မင်း၏ မျက်နှာဘက်သို့မှန်း၍... "ထွီ" ခနဲ တံတွေးကို မှုတ်၍ ထုတ်လိုက်လေ၏။

"တယ် ...ဒီမသာ ငါ ပါးကို တအားပိတ်ပြီး ချလိုက်ပြန်ရှေ့မယ်" ဟု မျက်နှာမှ တံတွေးတွေကို အင်္ကျီစနှင့် သုတ်ရင်း...

"ကိုင်း... လာကွာ သွားကြမယ်"

"ဒီလိုဆိုရင် ကျွန်မတော့ မသွားနိုင်ဘူး"

"ဘာဖြစ်လို့လဲဟ"

"သူ့ကိုဒီလိုထားခဲ့လို့ ဘယ်ဖြစ်မလဲရှင် မဟုတ်တာ"

"မင်းရှိလို့လည်း မထူးပါဘူးလို့ ငါပြောပြီဟာကပဲ"

"မထူး–ထူးထူး ဒီလိုပစ်သွားလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

မြို့ဝန်မင်းသည် စိတ်မရှည်သော အမူအရာဖြင့် "ဒါဖြင့်လည်း သဘောပဲလေ။ ဘယ်မလဲ ပေးငွေ" ဟုပြောဆိုကာ ထိုင်ရာမှ ထလိုက်ပြီးနောက် "အယ်လေးရာ စပ်လိုက်တာ ခြေသလုံးမှာ ပြဲသွားတာ မနည်းဘူးကွ၊ ထွီနင်တို့ တော်တော်လည်း စာရင်းရှုပ်တဲ့ဟာတွေ တစ်သက်လုံး ကောင်းစားမှာမဟုတ်ဘူး။ ထွီ" ဟု ဆက်လက်ကြိမ်းမောင်းရင်း ခြေသလုံးကိုကုန်း၍ နှိပ်စဉ် မောင်ကာကအနီးတွင် ထိုင်လျက်ရှိသော မောင်းသမားက "ကျုပ်လည်း မီးကို ပွင့်သွားတာပါပဲဗျာ"

"ဘာဖြစ်လို့လဲ"

"ဟောဒီသူတောင်းစားရဲ့ ဒူးနဲ့ နဖူးကိုဆောင့်မိတာပေါ့ဗျ။ လူ့ကို သတိတောင်လစ်သွားတယ်။ ခွေးမသားဒူးကိုက ချွန်လိုက်၊ မာလိုက်တာ သံရေတက်ကျည်ပွေ့အတိုင်းပါပဲ" ဟု သူ၏ဖူးရောင်နေသော နဖူးကိုနှိပ်ရင်း ပြောလေ၏။

မောင်ကာကမှာ မြို့ဝန်မင်း အပေါက်ကျွံပုံနှင့် မောင်းသမား၏ နဖူးနှင့် မိမိ၏ဒူး ဂဟေဆက်လိုက်ပုံကို တွေးမိသောအခါ မျိုသိပ်၍ထားခဲ့သော ရယ်ချင်စိတ်ကို ဘရိတ်မအုပ်နိုင်တော့ဘဲ "ဟဲ... ဟဲ...ဟဲ..ဟဲ...ဟီး..ဟီး" ဟု ကျယ်လောင်စွာ ရယ်မိလေ၏။ မြို့ဝန်မင်းသည် ရုတ်တရက် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနှင့် မောင်ကာကအား ကြည့်နေရာမှ ဒေါသ၏အဟုန်ဖြင့် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်၍ သွားလေ၏။

"ကြည့်စမ်း၊ ကြည့်စမ်း ခွေးမသား၊ ဘာမှမဖြစ်ဘဲနဲ့ သက်သက်တို့ကို အကြောင်ရိုက်တာ။ ငါမှန်းသိရောပေါ့ကွာ၊ ဘယ်မလဲ လာ မယ်ကာက လိုက်ခဲ့" ဟု ပြောပြောဆို မယ်ကာကအား တဲအတွင်းမှ အတင်းဆွဲ၍သွားလေ၏။ အားရပါးရထိုင်၍ ရယ်နေရာမှ မောင်ကာကသည် ကပျာကယာထကာ "နေပါဦး မြို့ဝန်မင်းရဲ့ နေပါဦး" ဟု တားရင်းပင် မောင်းကြီးကို ပစ်၍ထားခဲ့သော မြက်ခင်းပေါ်သို့ ရောက်ခဲ့လေ၏။

"စောစောကတော့ သူလည်း မစဉ်းစားဘဲ ယူမိတာ အမှန်ပါပဲ မြို့ဝန်မင်းရာ။ ဒါပေမဲ့ ခုတော့ သူလည်း မပို့ချင်ဘူးတဲ့။ အဲဒီတော့ ငွေကို ပြန်ယူရုံပေါ့"

"အံမာ ဒါ ရှင်ဘုရင့်အမိန့်ကွ ရှင်ဘုရင့်အမိန့် သိလား၊ ခုယူ ခုပြန်ပေးလုပ်လို့ ရတာမဟုတ်ဘူး"

"တောင်းပန်တာပါဗျာ"

"အို... တောင်းပန်လို့မရဘူး"

မောင်ကာကမှာ ဒေါပွလာကာ အသားများ ဆတ်ဆတ်တုန်၍ လာလေ၏။

"တောင်းပန်လို့မရရင် ခပ်ရှင်းရှင်း ပြောတယ်ဗျာ။ မလိုက်ဘူး၊ ကိုင်း... ခင်ဗျားတို့ ဘယ့်နှယ်လုပ်ချင်သလဲ"

"ဟေ့... ကာက မင်းခွမပြောနဲ့သိလား၊ မလိုက်ရင် မယ်ကာကကို အတင်းခေါ်၊ မင်းတော့ မနက်လင်းရင်း ရာဇဂြိုဟ်ဂါတ်တဲမှာ ပုလိပ်နည်းနဲ့ ဆုံးမရမှာပေါ့ကွ၊ ကိုင်း ရှင်းပြီလား"

"အို... နားမလည်ဘူးဗျာ၊ ခင်ဗျားတို့ ဘာအနိုင်ကျင့်တာလဲ"

"ဟေ့ ချမ်းသာ အေးလေ ယောင်လို့ ကာက၊ မင်းယီးတီးယားတား မလုပ်နဲ့နော် ဒါပဲပြောမယ်။ မင်းကတစ်ယောက်တည်း၊ တို့က သုံးယောက်သိလား"

မောင်ကာကမှာ ငိုင်၍သွားလေ၏။ မယ်ကာကဘက်သို့လှည့်ကာ

"ကိုင်း... ဘယ့်နှယ်လဲဆရာ မလိုက်လို့မရဘူး ဆိုပါကလား"

"ကိစ္စမရှိပါဘူး ကိုကာကရယ် ဘီလူးပဲ လူမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ဘာကြောက်စရာ ရှိသလဲ"

မောင်ကာကမှာ နားထောင်နေရာမှ မယ်ကာကအပေါ်တွင် တဖြည်းဖြည်း ဒေါပွ၍လာကာ "မင့်ကိုက ချာတာပါကွာ၊ အစက ငါ့ကိုပြောပါတော့လား၊ ခုမှ ဘာဖြစ်လို့ ပြောရတာလဲ။ ကိုင်း ခုတော့ ခွပါပဲ" ဟု ကြိမ်းမောင်းဆူပူရာမှ တစ်ဖန် မြို့ဝန်မင်းဘက်သို့လှည့်၍ "မစဉ်းမစားရုတ်တရက်လုပ်မိတာလောက်တော့ ဒါ လောက်ပြောနေမှ အားနာဖို့ ကောင်းပါတယ်ဗျာ"

"ဟာ ... သူလည်း သူငယ်နှပ်စားမှ မဟုတ်ဘဲ၊ စဉ်းစားပြီးမှယူတာ။ ခု မင်းဝင်ရှုပ်လို့ လေပေါက်တစ်မျိုးပြောင်းလာတာပါ။ တို့က ယူပါလို့ အတင်းတိုက်တွန်းတာ မဟုတ်ဘဲ၊ မင်းမယုံရင် ခု မျက်နှာစုံညီ မေးပါလား"

မောင်ကာကသည် အစဉ်းစားရကျပ်သော မျက်နှာထားဖြင့် တွေဝေ၍ သွားလေ၏။

"ကိုင်းလာကွာ...သွားမယ်" ဟု မြို့ဝန်က လောလိုက်ပြန်၏။

"နေကြပါဦးဗျာ၊ နေကြပါဦး" ဟု မောင်ကာကက အူယားဖားယား တားပြန်လေ၏။ စောစောက တိတ်ဆိတ်လျက်ရှိသော ရပ်ကွက်ကလေးကား ဆူညံညံလူသံများဖြင့် စည်ကားသလိုလိုဖြစ်၍ နေလေတော့၏။

ထိုအခိုက်တွင် မောင်ကာကတို့ လူစုဘက်သို့ တစ်ယောက်၏လည်ပင်းကို တစ်ယောက်ဖက်ကာ မမှန်သောခြေလှမ်းဖြင့် ယိမ်းယိုင်ကာ လူနှစ်ယောက်ဝင်၍ လာလေ၏။ တစ်ယောက်မှာ ပုပုဝဝ၊ သေးငယ်သော သျှောင်ကို ထိပ်အလယ်ခေါင်တွင် ကျစ်လှအောင်ထုံး၍ထားပြီး ကျန်တစ်ယောက်မှာကား ပိန်ပိန်ပါးပါး အသားနက်နက် နှုတ်ခမ်းမွေးသက်သက်နှင့် ဖြစ်ပေ၏။ ဒူးအထက်သို့ ရောက်လျက်ရှိသော ပုဆိုးကို တစ်ဖန်မ၍ ထားပြန်သဖြင့် ထိုးကွင်းမင်ကြောင်များကြောင့် ပိုမိုမည်းနက်လျက်ရှိသော သူ၏ ပေါင်မှာ မီးလောင်ထားသော တိုင်ငုတ်၏အသွင်ကို ဆောင်လျက်ရှိလေ၏။ နှစ်ဦးလုံး၏ မျက်နှာများမှာ ဘီယာအဆီပြန်လျက် လရောင်တွင် ဝင်းဝင်းလက်လက် ရှိလှပေ၏။ ထိုပုဂ္ဂိုလ်နှစ်ဦးနှင့် မရှေးမနှောင်းပင် ခေါင်းပေါင်းဖြူဖော့လုံး ထိုင်မသိမ်း ပိတ်ဖြူပုဆိုးတို့ဖြင့် လရောင်တွင် ညစ်ထပ်ထပ် ဖြူရော်ရော်ရှိလှသော အဘိုးအိုတစ်ဦးသည်လည်း တုန်ယင်သော ခြေလှမ်းများဖြင့် ဝင်ရောက်လာကာ ခပ်လှမ်းလှမ်းတွင် ရပ်၍နေလေ၏။ အမူးမပြေသေးသဖြင့် သတ္တိတွေ ဝေဖြာ၍နေသော ရာဇဂြိုဟ်ပြည်ကြီး၏ ချန်ပီယံ အမူးသမားနှစ်ယောက်အနက် လူပိန်ရှည်က လူ မိုက်ဂိုက်ပါပါ အရက်သံဖြင့် "ဟော့ ဒါ ဘာဖြစ်တာလဲကွ၊ ဟင်၊ ထွီ... ဘာဖြစ်ကြတာလဲ" ဟု မေးလိုက်လေ၏။

မောင်ကာကမှာ မိမိဘက်မှ စစ်ကူရလိုရငြား ငွေတစ်ထောင်ဇာတ်ကြောင်းကို ဝမ်းသာအားရ ရှင်းလင်း၍ ပြလိုက်လေ၏။

အမူးသမားနှစ်ယောက်မှာ ခပ်တည်တည် နားထောင်နေရာမှ ပိန်ရှည်က

"အံမာ... ဒါလားကွာ ခက်တာလိုက်လို့၊ မသွားချင်ရင် သူ့ပိုက်ဆံပြန်ပေးလိုက်ရုံပေါ့" ဟု ဖြေရှင်းလိုက်လေ၏။

"မရဘူးတဲ့ခင်ဗျ... ယူပြီးရင် ပြန်ပေးလို့မရဘူးတဲ့"

"ဘာပြောတယ်"

"ပြန်ပေးလို့ မရဘူးတဲ့"

"ဘာဖြစ်လို့မရဘဲ နေရမှာလဲ၊ ပေးကွာ ငါပြန်ပေးမယ်" ဟု ပြောပြောဆိုဆို ငွေထုပ်ကို မယ်ကာကထံမှ ယူမည်ပြုသည်နှင့်တစ်ပြိုင်နက် မလှုပ်မယှက် ငြိမ်သက်စွာ ဆေးလိပ်တိုကို ခပ်မှန်မှန်ဖွာရင်း နားထောင်နေသော မြို့ဝန်မင်းက ဆတ်ခနဲပခုံးကို ဆွဲကိုင်လိုက်ကာ–

"ဒါဘာလဲ ဒီလိုဝင်ရှုပ်ရအောင် မင်းက ဘာကောင်လဲ"

ပိန်ရှည်က မြို့ဝန်၏လက်ကို သူ့ပခုံးမှ ဒေါသဖြင့် ပုတ်၍ချရင်း...

"ရှုပ်တာမဟုတ်ဘူးကွ၊ မင်းတို့မတရားလုပ်တာ ကြည့်နေရမှာလား"

"အောင်မာ ခွေးမသား ဂဇော်၊ မင်းတွေ ငါတွေနဲ့ မြို့ဝန်ကွ ဘယ်သူမှတ်လို့လဲ"

"မြို့ဝန်မကလို့ မြို့ဝန်အဖေဖြစ်ဖြစ် မှားပြီးယူမိတာကို ဒါလောက် အောက်ကျနောက်ကျခံပြီး တောင်းတောင်းပန်ပန် ပြန်ပေးတာ လက်ခံပေါ့ဗျ။ ဘာ ခင်ဗျားတို့ ဘာလို့ ဒီလို ဖွတ်လုပ်ဖို့ ရှိသလဲ"

"ဟော့ အကောင် ဟော့ ဂဇော်သူခိုး"

"ခင်ဗျား ကျုပ်ကို ဂဇော်–ဂဇော်နဲ့ မခေါ်နဲ့"

"ဟော့–ခွေးမသား မင်းနားမလည်ဘဲနဲ့ ဝင်မရှုပ်နဲ့။"

www.burmeseclassic.com

www.burmeseclassic.com



ဒါ ရှင်ဘုရင်အမိန့်ကွ။ ခုယူ ခုပြန်ပေးနဲ့ လုပ်ရအောင် နင့် အမေ့လင်အမိန့် အောက်မေ့လို့လား"

"ခင်ဗျားတို့ သိပ်ဖက်ဆစ်ဆန်ပါလား"

"အေး မင်းတို့ ဒါပဲ ဥပဒေမရှိ၊ စည်းကမ်းမရှိ ထင် တိုင်းမလုပ်ရရင် ဖက်ဆစ်ဆန်တယ်ပြောတာပဲ။ ကိုင်း လာကွာ မယ်ကာက သွားမယ်"

ခေါင်းပေါင်းဖြူဖော့လုံးနှင့် အဘိုးအိုမှာ ခေါင်းကို ညင်သာစွာညိတ်ရင်း ကြည့်၍နေလေ၏။

မောင်ကာကမှာ ရုတ်တရက်ရှေ့သို့ထွက်လာကာ လက်ကာရင်း "နေကြပါဦးဗျာ... နေကြပါဦး၊ ဒီမိန်းမဗိုက် လွန်းလို့ ကျွန်တော် ငိုလိုက်စမ်းပါရစေဦး" ဟု ပြောဆိုကာ တိုန့်နှံ့ပုဆိုးစုတ်ကို ခါးပုံစရှည်ရှည်ရစေရန် ပြင်၍ဝတ်လိုက်ပြီးနောက် ပုဆိုးကို ဘယ်ခြေဖျားဖြင့် ခတ်လိုက်၍ လက်ဖြင့် ဖမ်းလိုက်ကာ ကိုယ်ကို မင်းသားဟန်ပါပါ ခပ်ကိုင်းကိုင်းကလေးလုပ်လျက် နောက်သို့ နှစ်လှမ်းသုံးလှမ်း ဆုတ်လိုက်လေ၏။ မယ်ကာကဘက်သို့ မျက်နှာငယ်ကလေးဖြင့် လှည့်လိုက်ကာ "ကိုင်း ဘယ့်နှယ်လုပ်ကြမလဲ ပြန်ပေးလို့လည်းမရတော့ဘူးတဲ့၊ အဟဲ...အဟဲ...အံ့ပါရဲ့ကွာ ရှားပါတယ်။ တကယ်ဆိုရင် မယူခင်က ငါ့ကို တိုင်ပင်ဖို့ ကောင်းတယ်။ ခုတော့ အေးလေ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ငါဟာ ပစ္စည်းမဲ့ လူတန်းစား ပိုက်ဆံပေးတဲ့ ပါတီအတွက် လိုက်ပြီးအခြောက်တိုက် အင်အားပြနေတဲ့အကောင် တိုင်ပင်ဖို့ အသုံးမဝင်ဘူး၊ အရေးစိုက်စရာ မဟုတ်ဘူးဆိုပြီး မင်းထင်သလို လုပ်တာပေါ့လေ" ဟု မြည်တွန်ရာမှ "မာနရယ်ကြွယ် ကာကမယ် ထင်သလောက်ကျင့်လိုက်ပုံက အမယ်မင်း နင် အတင့်ရဲပေ့ဟယ်" ဟူ၍ ဟစ်လိုက်လေ၏။ တိတ်ဆိတ်သောညတွင် မောင်ကာက၏ အသံမှာ ငိုသံကလေး ခပ်ပါပါနှင့် အတော်ပင် သာယာနာပျော်ဖွယ် ရှိပေ၏။

ဘီယာသမား ပိန်ရှည်နှင့် ပုအိုင့်မှာ မောင်ကာကအား နားမထောင်နိုင်ဘဲ စိတ်သဘောကွဲလွဲသကဲ့သို့ နှစ်ဦးသားကျိတ်၍ စကားများနေရာမှ တစ်စုံတစ်ရာ နားလည်မှုကို ရရှိသကဲ့သို့ ဝမ်းသာအားရပြိုင်တူ ခေါင်းညိတ်ကာ ပိန်ရှည်က "ဟေ့ ဒီမှာ နေပါဦးကွ၊ ခုလို ငွေကို ပြန်ပေးလို့ မရဘူးဆိုရင် မင့်မိန်းမအစား မင်းသွားပို့လိုက်ပါလား"ဟု အကြံပေးလိုက်လေ၏။ မောင်သမား နှစ်ယောက်မှာ တစ်ဦးကိုတစ်ဦးကြည့်ကာ ညင်သာစွာ ခေါင်းများကို ညိတ်လိုက်ကြလေ၏။ အဘိုးအိုမှာ အံ့သြသော မျက်နှာဖြင့် မောင်ကာကဘက်သို့ လှည့်၍ကြည့်လိုက်လေ၏။ မောင်ကာကမှာ စကားမပြန်နိုင်ဘဲ အတော်ကြာငိုင်၍ သွားရာမှ

"မဖြစ်ပါဘူးဗျာ၊ ဒီလိုလဲ ဘယ်..."

"သယ် ဘာလို့မဖြစ်ရမှာလဲ၊ မင့်မိန်းမကို မင်း တကယ်ချစ်ရင် မင်းပို့နိုင်ရမယ်"

"ချစ်တော့ ချစ်တာပေါ့ ဒါပေမဲ့..."

"ဘာ မင်း အူကြောင်ကြောင်လုပ်တာလဲ၊ သူက တော့ မင်းအတွက် အသေခံမှာ သေသေချာချာပဲ။ မင်းက တော့ ဘာလဲကွ။ ဒါ မင်းတကယ်သူ့လို မေတ္တာမရှိလို့ပေါ့ တကယ်ဆိုတော့ ဘယ်လူပို့ပို့ ပွဲတော်အုပ်ရောက်တာသာ ပဓာနပဲ။ မင်းသွားလကွာ။ အဲဒါကောင်းပါတယ်"

အဝတ်ဖြူနှင့် အဘိုးအိုမှာ ထိုအခါကျမှ ဝင်၍ "ဟေ့ လူငယ်တွေ မင်းတို့ နားမလည်ပါဘူးကွာ။ ကိုင်း ငိုမှာသာ ငိုပါ" ဟု ပြောလေ၏။

"ဟေ့... ဘိုးဒွေး အေးလေ ယောင်လို့ ကာက ခပ် မြန်မြန်ငိုကွာ နောက်ကျနေမယ်" ဟု မြို့ဝန်မင်းက ဝင်၍ လောလိုက်လေ၏။

မောင်ကာကသည် အသံပြောင်းလိုက်ကာ–

"မာနရယ်ကြွယ် ကာကမယ်ထင်သလောက် ကျင့်လိုက်ပုံက အမယ်မင်း နင်အတင့်ရဲပေရဲ့ဟယ် ထမင်းရည်ကို လျက်ရစေတော့ ငွေမက်ကာမယူချင်ဘူး..."

"အလကား ငနဲပဲ။ ဘာလဲဒါက အပိုတွေ ဘာငိုနေစရာရှိသလဲ။ သေသေကြေကြေ မိန်းမအစား သွားလိုက်ပါလား။ ဘာအလကား လေကန်နေတယ်" ဟု ပိန်ရှည်က ဝင်၍ နှောက်လိုက်ပြန်၏။

မောင်ကာကမှာ မခံချင်စိတ်ပေါက်၍လာသဖြင့် ငိုနေရာမှ မျက်မှောင်ကုတ်ကာ ဘီယာသမားဘက်သို့လှည့်ကာ "ဘာဖြစ်လို့ သွားရမှာလဲကွ၊ မင်းသွားပါလား"

"ငါ့မယားဆိုရင် ငါသွားမှာပေါ့၊ မင်းမယားအတွက် ဘာဖြစ်လို့ ငါက သွားရမှာလဲ"

"ဟေ့ သူငယ်တွေ နေကြစမ်းပါကွယ်၊ မင်းတို့ နားမလည်ပါဘူး၊ ငိုမှာ ငိုပါစေ" ဟု အဝတ်ဖြူနှင့် အဘိုးအိုက ဝင်၍ ဖျန်ဖြေပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မောင်ပိုက်ဆံ အေးလေယောင်လို့ ကာက ငိုမှာ ခပ်မြန်မြန်ငိုကွာ သူတို့ဘာပြောပြော" ဟု မြို့ဝန်က ထပ်၍လောပြန်လေ၏။

"ခင်ဗျားနော်... ကျုပ်နာမည်ကို မဟားတရားတွေ လျှောက်ပြီး ခေါ်ခေါ်မနေနဲ့။ ကျုပ်နာမည် ကာက သိလား ဟင်း" ဟု ဒေါသနှင့် သတိပေးလိုက်လေ၏။

"ထမင်းရည်ကို လျက်ရစေတော့ ငွေမက်ကာမယူ ချင်ဘူး။ အတူပင် တဲအိုပျက်မှာကွယ် တွဲ အဲအယ်၊ အဲ အယ်၊ တွဲအဲ၊ အဲ၊ လျက်ပျော်မယ်" ဟု ဆက်လိုက်ရာ မောင်းသမားတစ်ဦးမှာ စူးစိုက်နားထောင်နေရာမှ "အံမာ အကောင်က အသံကောင်းပဲနော်၊ ကိုရင်၊ ဒီအကောင် ဓာတ်ထဲလိုက် ရင် အတော်နိပ်မှာ" ဟု သူ၏အဖော်အား လှမ်း၍ပြော လိုက်လေ၏။

မောင်ကာကမှာ ပရိသတ်ထဲမှ ချီးကျူးသံကို ကြားရသဖြင့် ငိုနေရာမှ ဝမ်းသာသလိုလိုဖြစ်၍သွားကာ–

"ခေါ်ကြပါတယ်ဗျာ ဒါပေမဲ့ ကျွန်တော်က ဒီအလုပ်ကို တယ်ပြီး ဝါသနာမပါဘူးဗျ" ဟု ငိုသံပါကလေးနှင့် ပြောလိုက်ပြီးနောက် ဆက်၍ ဟစ်တော့မည်ပြုစဉ် ဘီယာသမား ပုအိုင့်ကဝင်၍ "ဟော့ ဒီမှာ ဒီလိုလုပ်ပါလားကွ"

"လာပြန်ပြီ ဘာလဲ"

"ငါက အကောင်းပြောတာ မင်းမိန်းမအစား မင်း တစ်ယောက်တည်းမသွားချင်ရင် မင်းတို့နှစ်ယောက် အတူတူ သွားပို့ကြပါလား၊ သေအတူ ရှင်အတူပေါ့ကွာ" ဟု အကြံပေးရာ မြို့ဝန်ဘက်သို့လှမ်း၍–

"ဘယ့်နှယ်လဲဆရာ နှစ်ယောက်သွားပို့မယ်ဆိုရင်ကော ကန့်ကွက်စရာ ရှိသေးသလား"

"အမိန့်တော်ထဲမှာတော့ နှစ်ယောက်မသွားရဘူးလို့ မပါဘူး။ သူတို့သဘောက သွားချင်ရင် နှစ်ယောက်သွားကြပေါ့။ ဘာကန့်ကွက်စရာရှိသလဲ" ဟု မြို့ဝန်က သဘောကျသော မျက်နှာထားဖြင့် ထောက်ခံလိုက်လေ၏။

မောင်ကာကမှာ အကြံအိုက်၍ သွားပြန်လေ၏။ ဘီယာအိုး နှစ်ယောက်မှာ ဘာပြောလိုက်ပြောလိုက် သူ့ဘူတာကိုသာ ဝင်၍ဆိုက်သဖြင့် စိတ်မရှည်နိုင်တော့ဘဲ ပြူးတူးပြဲတဲ ဖြစ်၍လာကာ

"သွားကြစမ်းဗျာ ကိုရင်တို့ အရက်သမားသက်သက်တွေပဲ၊ သွားစရာရှိတဲ့နေရာကို ခပ်မြန်မြန်သွားကြစမ်းပါ။ ကိုရင်တို့နှစ်ယောက်ရှိတာ ငိုတာတောင် မသဒ္ဒါရေ သဒ္ဒါရေ ငိုနေရတယ်။ ဘယ်ကောင်းနိုင်တော့မလဲ"

"ဘာငိုနေစရာရှိသလဲကွ၊ ငါပြောသလို လုပ်ပေါ့"

"မလုပ်ဘူးကွာ"

"မလုပ်ရင် ငိုမနေနဲ့"

"ငါ့ပါးစပ်နဲ့ ငါငိုတာ မင်းအပူ တစ်ပြားသားမှ မပါဘူး" ဟု ခပ်မာမာ ပြန်၍ပက်လိုက်လေ၏။ အဘိုးအိုမှာ တစ်ဖန်ဝင်၍ "ဟော့သူငယ်တွေ တယ်ခက်ပါလား၊ မင်းတို့ နားမလည်ပါဘူးကွာ၊ ငိုမှာငိုပါစေ" ဟု ပြောပြန်လေ၏။

"မယွင်းအမှန်တကယ်မှတ်လို့ ထားလိုက်ပါတော့၊ ထမင်းတောင် ဆယ်နပ်မစားရစေနဲ့ တကယ် မပြတ်အနား မှာတဲ့ နေစေချင်မခွဲ ဟဲ–ဟဲ–ဟယ်" ဟု ထန်းရည်သမား နှစ်ဦးအား အရွဲ့တိုက်ကာ စာစာကထက် ကျယ်ကျယ် လောင်လောင် ဟစ်လိုက်လေ၏။

"အလကားအသည်းကြောင်...ထွီ မင်းခုငိုနေတာကို နည်းနည်းမှ မယုံဘူးကွ သိလား ထွီ" ဟု ဘီယာပိန်ရှည် က နှလုံးနာသော အမူအရာဖြင့် မောင်ကာကဘက်သို့ ထန်းရည်ဆီတက်ကာ ပြောင်လက်နေသော မျက်နှာကြီး ကို ရှုံ့မဲ့လျက် တံတွေးထွေးရင်း ရှုတ်ချလိုက်လေ၏။

"ဟော့ ငါလည်း စိတ်ညစ်လှပါပြီကွာ၊ မင်းတို့ကို ပြောရတာ တယ်ခက်ပါကလား ငိုမှာငိုပါစေကွ" ဟု စိတ် မရှည်သောအမူအရာဖြင့် အဘိုးအိုက ဝင်၍ပွက်လိုက်ရာ အားလုံးပင် သူ့အား လှည့်၍ကြည့်မိကြလေ၏။

မောင်ကာကသည် မယ်ကာကဘက်သို့ ရုတ်တရက်လှည့်ကာ "ကိုင်း ကြည့်စမ်းကွာ ကြည့်စမ်း ငါ့မှာ မင်းအတွက် အပြောအဆိုခံလိုက်ရတာ ကောင်းသေးရဲ့လား၊ တယ်လေ၊ တယ်မိုက်တဲ့မိန်းမ၊ မြင်ရ မြင်ရရင်ကို မပြီး ထင်သမျှ ငိုချင်တော့၊ ဆို့သလိုနေတာပဲဟာ မို့ ကိုယ့်ကိုယ်မြေမှာလှဲပြီး အမယ်မင်း သေပွဲသာ ဝင်လိုက်ချင်စမ်းတယ် မယ်ကာကလေး"

"ထွတ်... ဟာဟ ရယ်တောင်ရယ်ချင်သေးတယ်။ အလကားအကောင် သနားစရာမကောင်းလိုက်တာ။ ဘာလဲကွ၊ မိန်းမအစား သွားပါဆိုတော့လည်း မသွားရဲ၊ အတူတူလိုက်သွားဆိုပြန်တော့လည်း ပေကပ်ကပ်လုပ်နေ၊ ဘယ်လိုအကောင်လဲ၊ ဒါနဲ့များ သူက သေပွဲဝင်လိုက်ချင်သတဲ့

www.burmeseclassic.com



ဟာ–ဟာ–ဟာ–ထို"ဟု ပြင်းပြင်းထန်ထန် ရွတ်ချလိုက်သော ပိန်ရှည်၏ သရော်တော်တော် လေသံကို ကြားလိုက်ရာ မောင်ကာကမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍သွားကာ မြက်ခင်းပေါ် ကုန်းကုန်းကုန်းကုန်းနှင့် ဟိုဟိုသည်သည်လျှောက်၍ စမ်းနေသည်ကို မြေပေါ်သို့ ပစ်၍ လှဲတော့မည်အထင်နှင့် ကြည့်၍နေသော မြို့ဝန်မင်းမှာ မောင်ကာကပြန်၍အထတွင် လက်ထဲ၌ အုတ်ခဲ ထက်ပိုင်း ကျိုးကြီးတစ်ခုပါလာသည်ကိုမြင်မှ ကပျာကယာ ဝင်၍ဆွဲရင်း "ဟေ့ ဘိုးငွေ အေးလေ ယောင့်လို့ ကာက မင်းလွန်မယ်နော်၊ လက်လွန်မယ်" ဟု ပြောပြောဆိုဆို အုတ်ခဲကို ဆွဲ၍လုလေ၏။

"ဟေ့ မင်းတို့လိုသာ ပြောရမယ်ဆိုရင် ရှင်ဘုရင်ကြီးကိုယ်တိုင်စပြီး လွှဲတာက မောင်းခတ်ပြီး ရာရအောင် သူ့ဆီမှာ သွားပို့ဝံ့တဲ့ အကောင်တစ်ယောက်မှ မရှိလို့လားဟင်၊ စစ်သူကြီးတွေ၊ စစ်ဗိုလ်တွေ သူ့ကိုယ်ရံတော်တပ်သားတွေ ဒါလောက်သတ္တိခေရသလား ပြောစမ်းလေ၊ တစ်ယောက်တည်းမသွားရဲရင် စစ်တပ်နဲ့ သွားပြီး ပို့ပါစေလား"ဟု အကြီးအကျယ် ပြန်၍ဟောက်လိုက်လေ၏။ ဘီယာသမားနှစ်ယောက်မှာ နားထောင်နေရာမှ ဝန်ခံသလို ခေါင်းညိတ်ရင်း တိတ်ဆိတ်၍ သွားကြလေ၏။

* * *

"နောင်... ဒိုင်း"ဟူသောအသံသည် သေနတ်ဖြင့် ကျကျနန ချိန်၍ပစ်လိုက်သကဲ့သို့ မြို့ဝန်မင်း၏ နားဝကို မှန်လေ၏။ မောင်ကာကအား ဆွဲငင်နေရာမှ "ဟိုက်"ဟု ပါးစပ်မှ ထွက်၍သွားကာ မျက်လုံးများပြူးလျက် "ဗဟိုစည် တစ်ချက်တီးပါပကောလား၊ နောက်ကျနေရင်အခက်ပဲ၊ ကဲလာ၊ မယ်ကာက နန်းတော်ဝင်မယ်" ဟု ကတိုက်ကရိုက် ပြောဆိုကာ မယ်ကာကအား ဆွဲခေါ်၍သွားလေ၏။ မောင်းထမ်းသမားနှစ်ယောက်မှာ မောင်းကို ကပျာကယာ ထမ်းကာ နောက်မှ လိုက်ကြလေ၏။

မချင့်မရဲဖြစ်၍ ကျန်ခဲ့သော မောင်ကာကမှာ အတန်ကြာ ငေးမောတွေဝေနေရာမှ အပြေးကလေးလိုက်ကာ နောက်ဆုံးသော မောင်းထမ်းသမားအား ခုန်၍ကျောကို ဒူးပျံတိုက်လိုက်လေ၏။ "အင့်" ခနဲ အသံထွက်၍သွားကာ ကျောကော့သွားသော မောင်းသမားသည် ကြောက်အားလန့်အားနှင့် လက်ထဲတွင် ကိုင်ထားသော မောင်းဘုနှင့် ယောင်ယမ်းကာ တအားလွှဲ၍ရိုက်လိုက်ရာ မောင်ကာက၏ နားထင်ကို သေသေချာချာ ထိသဖြင့် သတိလစ်ကာ လဲကျသွားလေ၏။ တုတ်တံနှင့် မရိုက်မိဘဲ ဘုနှင့်ထုမိသဖြင့်သာ အသက်ချမ်းသာရာ ရပေ၏။

"အို... ပူပုံပန်းဖွယ် ဖြေမဆည်နိုင် ငယ်ကျွမ်းကိုလွမ်းလို့ ခွေကာယိုင်"ဟူသော မယ်ကာက၏ တေးသံကလေးမှာ တဖြည်းဖြည်းကွယ်ပျောက်၍ သွားကာ ထူးထူးခြားခြား တိတ်ဆိတ်လျက်ရှိတော့၏။

ဖြူဖွေးသော မြူလွှာသည် ပါးလွှာသော စောင်ပမာ ညင်သာစွာ ကျရောက်လွှမ်းခြုံလိုက်သဖြင့် အားလျော့၍သွားသော လရောင်အောက်တွင် ရာဇဂြိုဟ်မြို့ရိုးကြီးနှင့် ပြအိုးပြာသာဒ်တို့မှာ အိပ်မက်၏ နောက်ခံကားကဲ့သို့ ပိမှိ၍ မှုန်မှုန်မွှားမွှား မပြတ်မသားဖြစ်၍သွားလေ၏။ ဘီယာသမားနှစ်ဦးမှာ မျက်မှောင်များကုတ်လျက် တစ်ယောက်ပခုံးကိုတစ်ယောက်ဖက်ကာ မကျေမနပ်သော အမူအရာဖြင့် မြို့ဝန်မင်းတို့သွားရာ လမ်းဘက်သို့ ငေးမျှော်ကြည့်ရှုနေရာမှ မောင်ကာကအား ပြိုင်တူလှည့်၍ကြည့်ရင်း "အင်း ဒီငနဲတော့ ဒါပဲအေးပါတယ်၊ လာကွာ သွားပါ့မယ်"ဟု တစ်ယောက်ပြောလိုက်ပြီးနောက် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ငြိမ်သက်စွာ လရောင်အောက် မြက်ခင်းပေါ်တွင် ရပ်နေသော အဝတ်ဖြူနှင့်အဘိုးကြီးကို မြင်သဖြင့် တစ်ဦးက "ဟေ့ ဟိုငနဲကြီးက ဘာလဲကွ။ တို့က အကောင်းပြောနေတာ သူက ဝင်ဝင်ပြီး မင်းတို့နားမလည်ပါဘူး၊ နားမလည်ပါဘူးနဲ့ ဝင်ပြီး ဘုမှုတ်တာ၊ သူကကော ဘာနားလည်လို့လဲ၊ လာကွာ၊ သွားမေးရအောင် မေးလို့ရရင်ရ မရရင် နားရင်းအုပ်လိုက်ဦးမယ်"ဟု ပြောဆိုရင်း ဆွဲ၍ခေါ်လေ၏။

အဘိုးအိုသည် ခေါင်းတညိတ်ညိတ်နှင့် သတိမေ့နေသော မောင်ကာကအား ကြည့်နေရာမှ အနီးသို့ကပ်လာသူများအား လှမ်း၍ကြည့်လိုက်လေ၏။ "နေပါဦး ကျုပ်တို့ပြောရင် ခင်ဗျားက ဝင်ဝင်ပြီး နားမလည်ပါဘူး၊ နားမလည်ပါဘူးနဲ့ ပြောတာ ခင်ဗျားက ဘာများနားလည်လို့လဲ"ဟု ပိန်ရှည်ရှည်ဘီယာမောင်က ငေါက်ဆတ်ဆတ် မေးလိုက်၏။

အဘိုးအိုသည် ဘီယာမောင်နှစ်ယောက်အား ခပ်ပြုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမျက်နှာထားဖြင့်ကြည့်ရင်း "အင်းပေါ့ မောင်တို့ရာ အဘိုးက နားလည်လို့ လည်တယ်ပြောတာပေါ့၊ ခုလို ဟို မယ်ကာက ငွေကိုယူတာ၊ နှစ်ယောက်စလုံး ဆူဆူညံညံ ငိုကြတာ၊ နောက်ဆုံးမှာ မယ်ကာက ပွဲတော်အုပ်ပို့ဖို့ လိုက်သွားတာ၊ အဲဒီဟာတွေဟာ သူတို့ပွဖို့ မောင်ရင်တို့ရဲ့၊ သူတို့ ပွဖို့၊ ဒါနကွာ ဒါနရဲ့ အကျိုးပေးပေါ့၊ မနက်ကျတော့ ရာဇဂြိုဟ်သတင်းစာထဲမှာ မင်းတို့ကြည့်၊ ကာကတို့လင်မယား ညတွင်းချင်း သူဌေးဖြစ်သွားတယ်လို့ မင်းတို့တွေ့ရလိမ့်မယ်။ အဘိုးက သူတို့အကြောင်းကို ဖတ်ဖူးတာ ကြာလှပြီကွဲ့။ သိရဲ့လား၊ ကြာလှပြီ" ဟု ပြောဆိုကာ သူ၏ကြုံလှီသော ကိုယ်ကလေးမှာ သွက်သွက်ခါ သွားသည်အထိ ရယ်မောရင်း မြက်ခင်းပေါ်မှဆင်းကာ ရာဇဂြိုဟ်မြို့ဘက်သို့ တုန်ယင်သော ခြေလှမ်းများဖြင့် ထွက်၍သွားလေ၏။

ဘီယာသမားနှစ်ယောက်မှာ လရောင်အောက်တွင် တရွရွ တဖွေးဖွေးသွားနေရာမှ အဝေးတွင် တဖြည်းဖြည်း ကွယ်ပျောက်၍သွားသော အဘိုးအိုအား ငေးမောတွေဝေကာ ကြည့်၍ နေမိကြလေတော့သတည်း။

❖

အတွဲ–၃၊ အမှတ်–၂၉၊ ၁၉၄၉၊ အောက်တိုဘာ၊
ရှုမဝမဂ္ဂဇင်း

BURMESE CLASSIC .com

www.burmeseclassic.com